ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly

# INFLATION REPORT

Dec, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ**အတွက် စုစုပေါင်း စားသုံးသူဈေးနှုန်း (အစားအစာအုပ်စုနှင့် အစားအစာမဟုတ်သောအုပ်စု)မှာ **၁၆၃.၀၀** ဖြစ်ပြီး **ယခင်လ၏**အခြေအနေ **၁၆၃.၁၀** နှင့် နှိုင်းယှဉ်ပါက **၀.၀၇%** သာကျဆင်းလာပါသည်။ ဈေးနှုန်းတည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၅.၆၄** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၅.၇၁** နှင့်နှိုင်းယှဉ်ပါက **၀.၀၅%** ကျဆင်းလာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၃.၀၀** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၆၀.၅၈** နှင့်နှိုင်းယှဉ်ပါက **၁.၅၀%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၏ Core CPI မှာ ၁၄၅.၆၄ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ Core CPI** အခြေအနေ **၁၃၉.၇၄** နှင့် နှိုင်းယှဉ်ပါက **၄.၂၂%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၆.၃၁** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၆.၅၁** နှင့်နှိုင်းယှဉ်ပါက **၀.၁၁%** ကျဆင်းလာခဲ့ပါသည်။ ဆန် (ဧည့်မထ)၊ စားအုန်းဆီ၊ ဝက်သား၊ အမဲသား၊ ကြက်ဥ၊ ငါးမြစ်ချင်းနှင့် ပုစွန်ခြောက် ဈေးနှုန်းများ အသီးသီး မြင့်တက်လာခဲ့သော်လည်း ကြက်သား၊ ဘဲဥ၊ ငါးခူနှင့် ငါးရံ့ဈေးနှုန်းများ ကျဆင်းလာပါသည်။ စားဖိုဆောင်သုံးသီးနှံများ ဖြစ်သောကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ ရာသီပေါ်အသီးအနှံဖြစ်သော ဘူးသီး၊ ခရမ်းသီး၊ မုန်လာဥနီ၊ ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်ဈေးနှုန်းများမှာလည်း အနည်းငယ် မြင့်တက်လာပါသည်။ သို့သော် ခရမ်းချဉ်သီးဈေးနှုန်းမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၄.၂၆** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၄.၂၄** နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာပါသည်။

၅။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းများမှာ ယခင်လကထက် (၂၀) ကျပ်ခန့် ကျဆင်းလျက်ရှိပြီး လွန်ခဲ့သောနှစ်အလားတူ ကာလထက် (၂၁၄) ကျပ်ခန့် ကျဆင်းနေပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ ဈေးနှုန်းမှာ ယခင်လကထက် ကျဆင်းလာပြီး ဒီဇယ်ဆီဈေးနှုန်းမှာမူ အနည်းငယ် မြင့်တက်လာ သည်ကို တွေ့ရှိရပါသည်။

၆။ **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း** နှမ်းဆီဈေးနှုန်း၊ ကြက်သားဈေးနှုန်းများ၊ အချို့သောစားဖိုဆောင်သီးနှံများ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်အသီးအနှံများနှင့် လောင်စာဆီ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ ၂၀၂၀ ပြည့်နှစ်၊ **အောက်တိုဘာလအတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation)** မှာ **၅.၂၁%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၀.၄၇%** ရှိပါသည်။


၈။ ၂၀၂၀ ပြည့်နှစ်၊ **အောက်တိုဘာလအတွက် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၁.၅၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၄.၂၂%** ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။


(ထွန်းဇော်)


ညွှန်ကြားရေးမှူးချုပ်

တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ)



| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ နှင့် အောက်တိုဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ နှင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန္ဒန်းနှင့်<br>ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္ဒန်းပုံပြကားချပ်<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

**တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်**

**အပိုင်း(က)**

**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလနှင့် အောက်တိုဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၃.၀၀ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၃.၁၀ နှင့်နှိုင်းယှဉ်ပါက ၀.၀၇% ကျဆင်းလာပါသည်။ အ၀တ်အထည်၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေး၊ ပြင်ပအစားအသောက်အုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ အနည်းငယ်မြင့်တက်လာသော်လည်း အစားအစာအုပ်စု၊ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုနှင့် သယ်ယူပို့ဆောင်ရေးအုပ်စုတို့မှာ ယခင်လကထက် ကျဆင်းနေပါသည်။ သို့သော် ဆက်သွယ်ရေးအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပြီး အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စုမှာ သိသာစွာပြောင်းလဲမှုမရှိပါ။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) အစားအစာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၇၆.၃၁ ရှိ၍ ယခင်လအခြေအနေ ၁၇၆.၅၁ နှင့်နှိုင်းယှဉ်ပါက ၀.၁၁% ကျဆင်းလာပါသည်။ ယခုလတွင် နှမ်းဆီ ၀.၁၉%၊ ကြက်သား ၃.၀၁%၊ ဘဲဥ ၀.၉၈%၊ ငါးခူ ၁.၅၀% နှင့် ငါးရံ့ ၀.၅၂% ဖြင့် အသီးသီးကျဆင်းလာပါသည်။ သို့သော် ဆန် (ဧည့်မထ) ၀.၄၀%၊ မြေပဲဆီ ၀.၅၁%၊ စားအုန်းဆီ ၀.၆၂%၊ ၀က်သား ၀.၁၄%၊ အမဲသား ၀.၁၀%၊ ကြက်ဥ ၀.၅၆%၊ ငါးမြစ်ချင်း ၁.၇၂%နှင့် ရေချိုငါးပိ ၀.၈၇% ဖြင့် အသီးသီးမြင့်တက်လာခဲ့ပါသည်။ အလားတူ စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၁.၈၅%၊ အာလူး ၃.၁၈%၊ ကြက်သွန်ဖြူ ၀.၆၁% နှင့် ကြက်သွန်နီ ဈေးနှုန်းတို့မှာမူ ၂၄.၆၄% ဖြင့် အသီးသီးမြင့်တက်လာပါသည်။ ရာသီပေါ်သီးနှံ

ဖြစ်သော ခရမ်းချဉ်သီး ၂၃.၇၀%၊ ဂေါ်ဖီထုပ် ၀.၄၁% နှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာမူ ၀.၃၁% ဖြင့် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၌ ၁၅၆.၅၇ ရှိ၍ ယခင်လအခြေအနေ ၁၅၆.၇၂ နှင့်နှိုင်းယှဉ်ပါက ၀.၁၀% ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကွမ်းရွက်ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၃၀.၅၆ ရှိ၍ ယခင်လအခြေအနေ ၁၃၀.၅၀ နှင့်နှိုင်းယှဉ်ပါက ၀.၀၅% သာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ရှပ်အင်္ကျီ၊ တီရှပ်၊ ဘောင်းဘီ (အတို) နှင့် သားရေဖိနပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၂၀၁.၅၇ ရှိ၍ ယခင်လအခြေအနေ ၂၀၀.၉၇ နှင့်နှိုင်းယှဉ်ပါက ၀.၃၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ဝါး၊ ကျွန်းသစ်၊ သွပ်၊ အုတ်၊ ထင်းနှင့် မီးသွေး ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၃၄.၇၀ ရှိ၍ ယခင်လအခြေအနေ ၁၃၄.၅၄ နှင့် နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် သင်ဖျူးဖျာ၊ ရေခဲသေတ္တာ၊ အပ်ချုပ်စက်နှင့် ဖယောင်းတိုင်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၆၃.၄၁ ရှိ၍ ယခင်လအခြေအနေ ၁၆၃.၃၃ နှင့်နှိုင်းယှဉ်ပါက ၀.၀၅% သာမြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် တိုင်းရင်းဆေး၊ ဗီတာမင်၊ အထွေထွေဆေးကုသစရိတ်နှင့် ဆေးရုံကုသစရိတ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၀၇.၉၁ ရှိ၍ ယခင်လအခြေအနေ ၁၀၈.၅၅ နှင့်နှိုင်းယှဉ်ပါက ၀.၅၈% ကျဆင်း

လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ခေတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၀၁.၁၉ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၁၉ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၂၄.၀၆ ရှိ၍ ယခင်လအခြေအနေ ၁၂၄.၀၅ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော ရုပ်မြင်သံကြားစက်နှင့် ဗလာစာအုပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၀၄ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲတည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေ ၁၃၉.၈၇ နှင့်နှိုင်းယှဉ်ပါက ၀.၁၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော မုန့်ဟင်းခါး၊ ကြေးအိုးနှင့် လက်ဖက်ရည်/ကော်ဖီဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၅၅.၃၈ ရှိ၍ ယခင်လအခြေအနေ ၁၅၅.၁၀ နှင့်နှိုင်းယှဉ်ပါက ၀.၁၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သနပ်ခါး၊ လက်ဝတ်ရတနာနှင့် ရွှေဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၄.၂၆ ရှိ၍ ယခင်လအခြေအနေ ၁၄၄.၂၄ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လျက် ရှိပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၃.၀၀ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၆၀.၅၈ နှင့် နှိုင်းယှဉ်ပါက ၁.၅၀% သာ မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုများ၏ ဈေးဆနှုန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **အစားအစာအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၇၆.၃၁ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၇၃.၃၉ နှင့်နှိုင်းယှဉ်ပါက ၁.၆၉% မြင့်တက်လာပါသည်။ မြေပဲဆီ ၀.၃၄%၊ နှမ်းဆီ ၀.၇၂%၊ ကြက်သား ၅.၁၆%၊ ဘဲဥ ၉.၅၂% နှင့် ကြက်ဥ ၁၀.၉၆% ဖြင့် အသီးသီးကျဆင်းလာသော်လည်း ဆန် (ဧည့်မထ) ၂.၄၅%၊ စားအုန်းဆီ ၁၀.၈၂%၊ ဝက်သား ၆.၂၀%၊ အမဲသား ၃.၂၇%၊ ငါးခူ ၁၀.၀၅%၊ ငါးရံ့ ၇.၀၂%၊ ငါးမြစ်ချင်း ၁.၃၇%၊ ပုစွန်ခြောက် ၂.၈၈%၊ ငါးရံ့ခြောက် ၅.၄၇%၊ ရေချိုငါးပိ ၃.၆၈% ဖြင့် အသီးသီး မြင့်တက်လာခဲ့ပါသည်။ သို့သော် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၀.၈၁%၊ ကြက်သွန်ဖြူ ၁၄.၂၈%နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာမူ ၁၆.၅၇% ဖြင့် အသီးသီးကျဆင်းလာသော်လည်း အာလူးဈေးနှုန်းမှာ ၅.၃၂% ဖြင့် မြင့်တက်လာပါသည်။ ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ၁.၈၉%၊ ဘူးသီး ၅.၀၃%၊ ချဉ်ပေါင်ရွက် ၆.၄၄% နှင့် ပဲတောင့်ရှည်သီးဈေးနှုန်းမှာမူ ၃.၈၆% ဖြင့် အသီးသီးကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၅၆.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အခြေအနေ ၁၅၂.၁၉ နှင့်

နှိုင်းယှဉ်ပါက ၂.၈၇% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက် (ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်ပ)၊ ကွမ်းရွက်၊ စီးကရက် (ပြည်တွင်း/ ပြည်ပ) နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၃၀.၅၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၂၈.၃၁ နှင့်နှိုင်းယှဉ်ပါက ၁.၇၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီးဝတ်လုံချည် (ပြည်တွင်း/ပြည်ပ)၊ ဂျာကင်၊ ရုပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီ (အတို/အရှည်)၊ ဆွယ်တာ၊ ဘလောက်စ်အင်္ကျီ၊ ခြေအိတ်၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၂၀၁.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၉၈.၀၁ နှင့်နှိုင်းယှဉ်ပါက ၁.၈၀% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၃၄.၇၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၃၀.၈၉ နှင့်နှိုင်းယှဉ်ပါက ၂.၉၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် အိပ်ရာခင်း၊ ဗီဒို၊ သင်ဖြူးဖျာ၊ ဖယောင်းပုဆိုး၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ အပ်ချုပ်စက်၊ ဒန်အိုး၊ ရေသန့်ဗူးကြီး၊ ဘက်ထရီ၊ မီးချောင်း၊ ဓာတ်မီး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူအလုပ်သမားခဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၆၃.၄၁ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၅၆.၄၁ နှင့်နှိုင်းယှဉ်ပါက ၄.၄၈%

မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တိုင်းရင်းဆေး၊ ဗီတာမင်၊ ဆေးကုသစရိတ် (အထွေထွေ/အထူးကု)၊ ဆေးဈေးနှုန်းနှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၀၇.၉၁ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၁၅.၉၉ နှင့်နှိုင်းယှဉ်ပါက ၆.၉၆% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅.၇၂ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၄၃.၉၉ သို့ သိသာစွာကျဆင်းလာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ဂါလန်လျှင် ၄၄၁၅.၆၉ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ၂၇၀၄.၇၇ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈.၁၅ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၄၅.၂၉ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် တစ်ဂါလန်လျှင် ၄၁၁၉.၉၂ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ၂၅၈၃.၅၄ ကျပ်သို့ ကျဆင်းလာပါသည်။ သို့ရာတွင် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်၊ မော်တော်ကား၊ အငှားယာဉ်ခ(မြို့တွင်း) နှင့် ဘတ်စ်ကားခ (မြို့တွင်း/ခရီးဝေး) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၀၁.၁၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၀၁.၄၇ နှင့်နှိုင်းယှဉ်ပါက ၀.၂၇% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မိုဘိုင်းဖုန်းဈေးနှုန်း များမှာ Model အသစ်ဝင်ရောက်မှုများရှိနေပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၂၄.၀၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အခြေအနေ ၁၂၂.၅၂ နှင့်နှိုင်းယှဉ်ပါက ၁.၂၅% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာနှင့် ဂျာနယ်ဈေးနှုန်းများမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းနေသော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ကုန်ပစ္စည်း တင်ပို့ရာတွင် အသွားအလာကန့်သတ်ချက်များနှင့် ပို့ဆောင်ရေးအခက်အခဲများ ရှိခြင်းတို့ကြောင့် အနည်းငယ်မြင့်တက်လျက်ရှိပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၃၈.၅၈ နှင့်နှိုင်းယှဉ်ပါက ၁.၀၅% မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ COVID-19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လ မှစ၍ ကျောင်းများ၊ သင်တန်းများပိတ်ထားသည့်အတွက် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အတွင်း ကျူရှင်လခနှင့် သင်တန်းကြေးများ မြင့်တက်ခဲ့ခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၃၀.၆၄ နှင့်နှိုင်းယှဉ်ပါက ၇.၁၉% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်/ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက် နေကြောင်းတွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၅၅.၃၈ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအခြေအနေ ၁၄၇.၅၈ နှင့်နှိုင်းယှဉ်ပါက ၅.၂၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေး

နှုန်းမှာ ၇.၅၃%၊ လက်ဝတ်ရတနာ ၆.၈၈%၊ ဆံပင်ညှပ်ခ(ကျား) ၄.၄၁%၊ ဆံပင်ညှပ်ခ(မ) ၃.၉၆%၊ ကိုယ်တိုက်ဆပ်ပြာ ၅.၄၉%၊ သနပ်ခါး ၃.၂၂%၊ သွားတိုက်ဆေး ၈.၁၂%၊ သွားတိုက်တံ ၃.၈၁%၊ မုတ်ဆိတ်ရိတ်ဓား ၁၃.၇၇% နှင့် ထီး ၃.၃၆% တို့ဖြင့် သိသာစွာမြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ၌ ၁၄၄.၂၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ အခြေအနေ ၁၄၂.၅၆ နှင့်နှိုင်းယှဉ်ပါက ၁.၁၉% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ၁၆၀.၅၈ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ တဖြည်းဖြည်း ကျဆင်းလာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အနည်းငယ် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ယခုလတွင် ၁၆၃.၀၀ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မန္တလေးမြို့တို့တွင် ကျဆင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ လအလိုက်ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် ၀.၈၂% ဖြင့် အများဆုံးပြောင်းလဲမှု ဖြစ်ပေါ်နေပြီး မန္တလေးမြို့တွင် (-၁.၇၆)% ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ရှိခဲ့ရာမှ ဇူလိုင်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် မြန်မာနိုင်ငံ၌ COVID-19 စတင်ဖြစ်ပွားလာချိန်မှစ၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့ရာ အောက်တိုဘာလတွင် ၁.၅၀% ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္နန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၅.၂၁% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၅.၈၁% နှင့် နှိုင်းယှဉ်ပါက ၀.၆၀ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ၈.၆၀% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါ သက်ရောက်မှုကြောင့် ပြည်သူများ သုံးစွဲမှုကျဆင်းပြီး စားသုံးသူဈေးဆန္နန်းတိုးနှုန်းအရှိန် လျော့နည်းလာသဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅.၂၁% သို့ကျဆင်းလာခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆန္နန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၉.၉၉% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၈.၅၂% ဖြင့် ဒုတိယအမြင့်ဆုံး၊ ပြည်ထောင်စုနယ်မြေတွင် ၇.၁၄% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၅.၀၄% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး စစ်ကိုင်း

တိုင်းဒေသကြီးတွင် (-၂.၈၀)% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ COVID-19 ကူးစက်ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာသော ကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များ ရှိနေခြင်း၊ ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအားမြင့်တက်ခြင်းနှင့် နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကကုန်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် ဈေးနှုန်းများ အနည်းငယ် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် စားအုန်းဆီ ဈေးနှုန်းများ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီ တင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၈၉.၇၀ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၇၀၀.၂၀ သို့ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှုလမ်းကြောင်း အကန့်အသတ်များရှိလာခြင်းနှင့် ဝယ်လိုအားများလာခြင်းတို့ကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမှာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် ကြက်အသား ပေါက်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လာသော်လည်း အခြားဒေသများသို့ တင်ပို့ရောင်းချမှုများ နည်းပါးနေခြင်း၊ COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေသောကာလဖြစ်၍ အချို့သောမြို့နယ်များတွင် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်များတွင် အကျုံးဝင်နေသဖြင့် ဝယ်လိုအားနည်းခြင်း နှင့် စားသောက်ဆိုင်များ ပိတ်ထားရ၍ ကြက်များထုတ်ရောင်းနေရခြင်းတို့ကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ သို့သော် ဝက်သားနှင့် အမဲသားဈေးနှုန်းများ ယခင်လက

ထက် ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။ အချို့နေရာဒေသများတွင် ရာသီအကူး အပြောင်းကာလဖြစ်၍ ငါးဖမ်းဆီးရရှိမှု နည်းပါးလာခြင်းနှင့် မွေးမြူရေးအပိုင်း၌ ကုန်ကျစရိတ် မြင့်မားလာခြင်းတို့ကြောင့် အချို့ငါးဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီပေါ်သီးနှံဖြစ်သည့် ဂေါ်ဖီထုပ်နှင့် ပဲတောင့်ရှည်သီးဈေးနှုန်းများမှာ မိုးအကုန် ဆောင်းအကူးကာလများဖြစ်၍ အထွက်နှုန်းတိုးခြင်းကြောင့် ဈေးနှုန်းများ ကျဆင်း လာပါသည်။ အလားတူ ခရမ်းချဉ်သီးဈေးနှုန်းမှာ မိုးခရမ်းချဉ်သီး လှိုင်လှိုင် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ သို့သော် ဘူးသီး၊ ခရမ်းသီး၊ မုန်လာဥနီ၊ ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်ဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ အာလူး၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီ ဈေးနှုန်းမှာမူ ပွင့်လင်းရာသီဖြစ်ခြင်းနှင့် စားသုံးမှုများသော ကုန်ပစ္စည်းဖြစ်၍ ဝယ် လိုအားများခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၂၃၄၆၂၃.၁၉ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၇.၅၃% မြင့်တက် လျက်ရှိသကဲ့သို့ လွန်ခဲ့သောလကထက်လည်း ၀.၁၈% မြင့်တက်လာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၇.၇၄ ရှိရာမှ ၁၉၀၄.၆၆ သို့ ၁.၂၀% ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသော်လည်း စုဆောင်းမှုနှင့် ဝယ်လိုအားများလာခြင်းကြောင့် မြန်မာ့ ရွှေဈေးနှုန်းမှာမူ မြင့်တက်လျက်ရှိပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်း များမှာ ပြည်ပမှတင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၃.၆၂ မှ ၄၃.၉၉ သို့ မြင့်တက်လျက်ရှိသော်လည်း ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၄၅.၈၅ မှ ၄၅.၂၉ သို့ ကျဆင်းလျက်ရှိပါသည်။ အောက်တိုဘာလအတွင်း တွင် ပြည်ပတင်သွင်းမှုပမာဏ များပြားလာခြင်းနှင့် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသောကာလဖြစ်၍ အချို့ဒေသများတွင် နေရာဒေသ

သွားလာမှု ကန့်သတ်ချက်များအရ အသွားအလာနည်းပါးပြီး ဝယ်လိုအားနည်းခြင်းတို့ကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြည်တွင်းလောင်စာဆီ ဈေးနှုန်းမှာမူ ကျဆင်းလျက်ရှိပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၂၁၄ ကျပ် ကျဆင်းလာပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် ၂၀ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသဖြင့် အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်း၊ အရောင်းအဝယ်လိုက်လာခြင်း၊ နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကကုန်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။ အလားတူ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းစားအုန်းဆီဈေးနှုန်း လိုက်ပါမြင့်တက်လာခြင်း၊ အချို့ အသားဈေးနှုန်းများ၊ စားဖိုဆောင်သီးနှံများ၊ ရာသီပေါ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာကျဆင်းလာခဲ့ပါသည်။

## ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၆၀.၅၈** | **၁၆၃.၁၀** | **၁၆၃.၀၀** | **-၀.၀၇** | **၁.၅၀** | **၅.၂၁** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၇၃.၃၉** | **၁၇၆.၅၁** | **၁၇၆.၃၁** | **-၀.၁၁** | **၁.၆၉** | **၃.၉၀** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၄၂.၅၆** | **၁၄၄.၂၄** | **၁၄၄.၂၆** | **၀.၀၁** | **၁.၁၉** | **၇.၅၄** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၂.၁၉ | ၁၅၆.၇၂ | ၁၅၆.၅၇ | -၀.၁၀ | ၂.၈၇ | ၈.၄၃ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၈.၃၁ | ၁၃၀.၅၀ | ၁၃၀.၅၆ | ၀.၀၅ | ၁.၇၅ | ၃.၃၇ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၈.၀၁ | ၂၀၀.၉၇ | ၂၀၁.၅၇ | ၀.၃၀ | ၁.၈၀ | ၂၁.၀၄ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၃၀.၈၉ | ၁၃၄.၅၄ | ၁၃၄.၇၀ | ၀.၁၂ | ၂.၉၁ | ၄.၉၇ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၆.၄၁ | ၁၆၃.၃၃ | ၁၆၃.၄၁ | ၀.၀၅ | ၄.၄၈ | ၇.၀၇ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၅.၉၉ | ၁၀၈.၅၅ | ၁၀၇.၉၁ | -၀.၅၈ | -၆.၉၆ | -၂.၉၈ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၄၇ | ၁၀၁.၁၉ | ၁၀၁.၁၉ | ၀.၀၀ | -၀.၂၇ | -၀.၃၄ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂၂.၅၂ | ၁၂၄.၀၅ | ၁၂၄.၀၆ | ၀.၀၁ | ၁.၂၅ | ၆.၂၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၈.၅၈ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၁.၀၅ | ၃.၁၀ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၃၀.၆၄ | ၁၃၉.၈၇ | ၁၄၀.၀၄ | ၀.၁၂ | ၇.၁၉ | ၇.၉၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၄၇.၅၈ | ၁၅၅.၁၀ | ၁၅၅.၃၈ | ၀.၁၈ | ၅.၂၈ | ၇.၄၆ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၂.၆၃** | **၁၃၉.၇၄** | **၁၄၅.၇၁** | **၁၄၅.၆၄** | **-၀.၀၅** | ***၄.၂၂** | ***၁၀.၄၇** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

### ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
### (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | အောက်တိုဘာလ | စက်တင်ဘာလ | အောက်တိုဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၇.၉၉ | ၁၅၇.၉၆ | ၁၅၈.၂၂ | ၀.၁၆ | ၀.၁၅ | ၃.၅၀ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၆၀.၁၉ | ၁၅၈.၈၉ | ၁၅၈.၈၂ | -၀.၀၄ | -၀.၈၅ | ၃.၀၉ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၄၅.၆၉ | ၁၅၀.၉၄ | ၁၅၁.၅၉ | ၀.၄၃ | ၄.၀၅ | ၅.၇၅ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၈.၈၁ | ၂၀၅.၃၂ | ၂၀၅.၆၈ | ၀.၁၈ | -၁.၅၀ | ၁.၉၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၉.၉၈ | ၁၅၅.၄၄ | ၁၅၅.၅၀ | ၀.၀၄ | -၂.၈၀ | ၂.၂၃ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၄၁.၀၃ | ၁၄၁.၁၁ | ၁၄၁.၈၈ | ၀.၅၅ | ၀.၆၀ | ၃.၄၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၅၆.၃၃ | ၁၆၀.၄၉ | ၁၆၀.၆၂ | ၀.၀၈ | ၂.၇၄ | ၆.၁၃ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၇၀.၁၄ | ၁၇၃.၇၅ | ၁၇၂.၁၆ | -၀.၉၁ | ၁.၁၉ | ၅.၆၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၅၅.၆၆ | ၁၅၇.၈၇ | ၁၅၅.၇၈ | -၁.၃၂ | ၀.၀၈ | ၅.၇၁ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၅၁.၇၅ | ၁၄၉.၁၁ | ၁၄၈.၆၃ | -၀.၃၂ | -၂.၀၅ | ၀.၉၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၅.၇၅ | ၁၉၅.၀၅ | ၁၉၆.၆၄ | ၀.၈၂ | ၀.၄၅ | ၂.၄၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၄၈.၈၉ | ၁၅၂.၅၈ | ၁၅၃.၅၃ | ၀.၆၃ | ၃.၁၂ | ၆.၈၃ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၇.၉၀ | ၁၇၀.၁၂ | ၁၇၀.၅၄ | ၀.၂၄ | ၁.၅၇ | ၃.၈၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၆၆.၇၉ | ၁၇၄.၆၅ | ၁၇၅.၂၀ | ၀.၃၂ | ၅.၀၄ | ၉.၉၉ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၄၅.၂၄ | ၁၅၁.၉၉ | ၁၅၁.၄၉ | -၀.၃၃ | ၄.၃၁ | ၇.၁၄ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၅၈.၈၄ | ၁၆၅.၉၂ | ၁၆၆.၃၀ | ၀.၂၃ | ၄.၇၀ | ၆.၁၆ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၅၉.၇၇ | ၁၆၃.၂၁ | ၁၆၀.၃၄ | -၁.၇၆ | ၀.၃၅ | ၈.၅၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၅၂.၃၈ | ၁၅၀.၈၈ | ၁၅၁.၀၂ | ၀.၀၉ | -၀.၉၀ | ၄.၈၇ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၆၀.၅၈** | **၁၆၃.၁၀** | **၁၆၃.၀၀** | **-၀.၀၇** | **၁.၅၀** | **၅.၂၁** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ (ကျပ်) | ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (ကျပ်) | ၂၀၁၉ ခုနှစ် အောက်တိုဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၄၄.၅၈ | ၁၅၅၀.၇၂ | ၁၅၁၃.၆၀ | ၀.၄၀ | ၂.၄၅ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၆၃.၇၀ | ၆၈၉၈.၅၈ | ၆၉၂၂.၁၀ | ၀.၅၁ | -၀.၃၄ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၇၇၉.၇၅ | ၆၇၆၆.၈၇ | ၆၈၁၅.၉၄ | -၀.၁၉ | -၀.၇၂ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၂၁၅.၇၀ | ၂၂၂၉.၄၇ | ၂၀၁၁.၈၁ | ၀.၆၂ | ၁၀.၈၂ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၆၀.၂၂ | ၆၇၅၀.၉၃ | ၇၁၁၈.၂၅ | -၃.၀၁ | -၅.၁၆ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၂၅၀.၅၀ | ၁၀၂၆၅.၂၂ | ၉၆၆၆.၂၂ | ၀.၁၄ | ၆.၂၀ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၅၇၅.၀၀ | ၁၄၅၈၈.၈၉ | ၁၄၁၂၆.၆၄ | ၀.၁၀ | ၃.၂၇ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၁၂.၈၂ | ၁၆၉၆.၀၁ | ၁၈၇၄.၃၅ | -၀.၉၈ | -၉.၅၂ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၁၉.၇၆ | ၁၂၂၆.၆၃ | ၁၃၇၇.၆၈ | ၀.၅၆ | -၁၀.၉၆ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၁၀၄၄၄.၆၅ | ၁၀၂၈၇.၇၀ | ၉၃၄၈.၃၃ | -၁.၅၀ | ၁၀.၀၅ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၇၄၂.၂၁ | ၉၆၉၁.၉၆ | ၉၀၅၅.၉၆ | -၀.၅၂ | ၇.၀၂ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၄၆၄.၃၅ | ၅၅၅၈.၄၈ | ၅၄၈၃.၄၈ | ၁.၇၂ | ၁.၃၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၉၅၂.၀၈ | ၃၄၉၈၁.၂၅ | ၃၄၀၀၂.၁၃ | ၀.၀၈ | ၂.၈၈ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၄၃၃၈.၂၈ | ၃၄၃၅၂.၆၃ | ၃၂၅၇၁.၀၈ | ၀.၀၄ | ၅.၄၇ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၅၀၂.၆၁ | ၃၅၃၃.၀၄ | ၃၄၀၇.၅၂ | ၀.၈၇ | ၃.၆၈ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၂၁၉၃.၄၂ | ၁၆၇၃.၆၆ | ၁၇၀၅.၈၈ | -၂၃.၇၀ | -၁.၈၉ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၀၇.၃၈ | ၂၃၅၀.၀၀ | ၂၃၆၉.၂၄ | ၁.၈၅ | -၀.၈၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၅၀.၀၀ | ၁၂၈၉.၈၀ | ၁၂၂၄.၇၀ | ၃.၁၈ | ၅.၃၂ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၁၀၆.၂၇ | ၃၁၂၅.၀၉ | ၃၆၄၅.၈၆ | ၀.၆၁ | -၁၄.၂၈ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၉၅၈.၅၆ | ၁၁၉၄.၇၅ | ၁၄၃၂.၀၀ | ၂၄.၆၄ | -၁၆.၅၇ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၅၂၂.၆၈ | ၅၅၂၃.၅၂ | ၅၄၅၂.၈၄ | ၀.၀၂ | ၁.၃၀ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၉၀.၈၈ | ၅၆၀၃.၂၇ | ၅၄၉၉.၃၄ | ၀.၂၂ | ၁.၈၉ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၂၂၉၉၅၂.၉၉ | ၁၂၃၄၆၂၃.၁၉ | ၁၁၄၈၁၂၅.၂၂ | ၀.၃၈ | ၇.၅၃ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၇.၆၆ | ၃၈၄.၂၉ | ၃၆၇.၀၉ | ၁.၇၅ | ၄.၆၉ |
| ၂၅ | မီးသွေး | | ။ | ၇၀၅.၇၉ | ၇၀၆.၂၂ | ၆၈၉.၉၆ | ၀.၀၆ | ၂.၃၆ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၄.၀၈ | ၄၅၅.၃၅ | ၄၅၀.၆၆ | ၀.၂၈ | ၁.၀၄ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၂၈၄.၉၇ | ၁၂၈၄.၉၇ | ၁၁၀၈.၇၇ | ၀.၀၀ | ၁၅.၈၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၂၇၂၉.၂၇ | ၂၇၀၄.၇၇ | ၄၄၁၅.၆၉ | -၀.၉၀ | -၃၈.၇၅ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၆၂၁.၂၇ | ၂၅၈၃.၅၄ | ၄၁၁၉.၉၂ | -၁.၄၄ | -၃၇.၂၉ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နှန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | ၂၀၂၀ ပြည့်နှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| စားသုံးသူဈေးဆန္နှန်း (CPI) | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ | ၁၆၀.၁၂ | ၁၆၀.၉၈ | ၁၆၁.၁၄ | ၁၆၂.၀၅ | ၁၆၃.၁၀ | ၁၆၃.၀၀ |
| စားသုံးသူဈေးဆန္နှန်း (Core CPI) | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၁၄၃.၈၇ | ၁၄၄.၉၀ | ၁၄၅.၀၁ | ၁၄၅.၄၈ | ၁၄၅.၇၁ | ၁၄၅.၆၄ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | ၂၀၂၀ ပြည့်နှစ် | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၁ | ၅.၂၄ | ၄.၂၁ | ၄.၁၆ | ၁.၇၀ | ၁.၈၄ | ၂.၀၃ | ၁.၅၀ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ | ၁၂.၉၁ | ၁၃.၀၁ | ၁၃.၃၇ | ၅.၄၂ | ၅.၂၃ | ၄.၇၄ | ၄.၂၂ |